## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန**

၄

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



၇-၁၁-၂၀၁၇

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## မြွေပွေးကုန်းကျေးရွာ၊ သနပွင်ချင်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ ... 2

၂။သနပွင်ချင်ကျေးရွာအုပ်စုမြေပုံ... 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ... 3

၄။ကျေးရွာအခြေခံအချက်အလက်များ... 5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ... 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ... 7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ... 17

၈။ ကျေးရွာကော်မတီဝင်များစာရင်း...18


၉။ပုံစံ-၁။ကျေးရွာအချက်အလက်...20

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်... 23


၁၁။အစည်းအဝေးမှတ်တမ်းများ ... 28

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)... 32

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။သနပ္ပင်ချင်းကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။သနပ္ပင်ချင်းကျေးရွာ၊

၂။အငူကျေးရွာ ၊

၃။ မြေပွေးကုန်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

မြွေပွေးကုန်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၈)မိုင်ခန့်အကွာတွင်တည်ရှိသည်။ ကျောက်တန်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိသည်။ မြွေပွေးကုန်းကျေးရွာသည် ရှေးအခါက သစ်တောခြုံများထူထပ်ပြီး လူနေအလွန် နည်းပါးသောဒေသတစ်ခုဖြစ်သည်။ ထိုဒေသတွင် မြွေပွေးများအလွန်များသောကြောင့် သွားလာနေထိုင်ရန် အလွန်ခက်ခဲသော ဒေသဖြစ်ပါသည်။ မြွေပွေးများသော သစ်တောကုန်းမြေကြီးကို အချိန်ကြာလာတာနဲ့အမျှ မြွေပွေးကုန်းဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြသည်။

မြွေပွေးကုန်း၏ အရှေ့ဘက်တွင် ခမယ်ကျေးရွာ၊ အနောက်ဘက်တွင် ဘော်ကလွတ်ကျေးရွာ၊ မြောက်ဘက်တွင် သနပ္ပင်ချင်းကျေးရွာ၊ အရှေ့မြောက်ဘက်တွင် အငူကျေးရွာတို့နှင့် ထိစပ်နေသည်။ ယခုအခါတွင် အိမ်ထောင်စု (၅၂)စု ရှိပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ(၅၀)% နှင့် ဟိန္ဒူဘာသာဝင်(၅၀)% ရှိပါသည်။

ရွာသို့ တိုက်ရိုက်ရောက်ရှိနိုင်သော လမ်းကြောင်းမရှိသောကြောင့် ဘော်ကလွတ်ကျေးရွာ အတွင်းမှသာ သွားလာရပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် အခက်အခဲများစွာ ရှိပါသည်။ ရွာတွင်လိုအပ်ချက်များစွာ ရှိပါသည်။ ဆေးပေးခန်း၊ ကျောင်း၊ သာသနိကအဆောက်အအုံများ စသည်အားဖြင့် ရွာတွင် များစွာသော လိုအပ်ချက်များ ရှိနေပါသည်။ အစစရာရာ ဘော်ကလွတ်ကျေးရွာအပေါ်သာ မှီခိုနေရပါသည်။ သာရေးနာရေးတို့တွင် ရွာသူရွာသားအားလုံး ညီညွတ်စွာ ဆောင်ရွက်ကြသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂၆ | ၄၇ | ၅၉ | ၁၀၆ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၉ | ၄ | ၁၁ | ၁၅ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၁ | ၀ | ၁ | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | |
| | ဝက် | | |
| | ဆိတ် | | |
| | ဘဲ | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၈၀၀ ဧက | ၁ | | | ၁၀ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၂ | ၁ | ၁ | | |
| | | | | | | |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁ | ၂၀ | ၂၀ | | ၂၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၀ | ၅ | | ၃၀ | ၂၅ |


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၇-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေးရွာ လူထု | ၁၃ | ၁၁ | ၂၄ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၇-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေးရွာ လူထု။ | ၁၃ | ၁၁ | ၂၄ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊အားလပ်ရက်များ၊ ပွဲတော်ရက်များ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၇-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၃ | ၁၁ | ၂၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြား သတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၇-၁၁-၂၀၁၇ | ကျေးရွာလူထု၊ရပ်မိရပ်ဖ၊စေတနာ့ဝန်ထမ်း | ၁၃ | ၁၁ | ၂၄ | ကျေးရွာ၏အရင်းအမြစ်များကို လေ့လာသိရှိနိုင်ရန် |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၇-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီး များ | ၁၃ | ၁၁ | ၂၄ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ဗင်းပုံစံသုံးသပ်ချက် | ၇-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာလူထု | ၁၃ | ၁၁ | ၂၄ | အဖွဲ့အစည်းများသည် ကျေးရွာအတွင်း မည်သို့ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိစေရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။





**သုံးသပ်ချက်**

သနပ်ပွင့်ချင်းကျေးရွာအုပ်စု၊ မြေပွေးကုန်းကျေးရွာသည် ကျောက်တန်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု(၅၂)စု၊ လူဦးရေ(၂၁၉) ဦးရှိသော ကျေးရွာငယ် ရွာတစ်ရွာ ဖြစ်ပါသည်။ ရွာသူရွာသားအများစုမှာ မပြေလည်သူများဖြစ်ပါသည်။ စပါးတစ်မျိုးထဲကိုသာ အဓိကထား စိုက်ပျိုးကြသည်။ ရွာတွင် ဟိန္ဒူဘုရားကျောင်း တစ်ကျောင်းနှင့် ဘုရားကျောင်း သောက်ရေကန် တစ်ကန်ရှိပါသည်။ ထိုရေကန်ကိုသာ ရွာသူရွာသားများ အဓိကထား အသုံးပြုနေရသည်။ ဘော်ကလွတ်ကျေးရွာသို့ သွားသော တံတားတစ်စင်းနှင့် ကွင်းထဲသို့သွားသော တံတားတစ်စင်း စုစုပေါင်း နှစ်စင်းသာ ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် ဆန်စက်တစ်ခု ရှိပါသည်။ ရွာသူရွာသားများမှာ ရွာတွင်းနှင့် လယ်ကွင်းများတွင် နေထိုင်ကြသည်။ လူနည်းစုမိသားစုများသည် ရွာတွင်းနှင့် လယ်ကွင်းများတွင် နေထိုင်ကြသည်။

မြေပွေးကုန်းကျေးရွာ၏ လိုအပ်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ကျေးရွာခန်းမဆောင်၊ ရွာတံတားများ၊ စက်ရေတွင်း၊ ရွာတွင်းလမ်းများ စသည်တို့ဖြစ်သည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓန ကြွယ်ဝမှုဇယား ၇.၁၁.၂၀၁၇
သန်ပွင့်ချင်းကျေးရွာအုပ်စု
မြေပွေးကုန်းကျေးရွာ

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည် | လယ်ဧက(၂၅)အထက်၊ ဆန်စက်၊ ပျဉ်ထောင်၊ သွပ်မိုး၊ ထွန်စက်။ | ၁ | ၁ % |
| အလယ်အလတ် | လယ်ဧက(၁၀)အထက်၊ နွားပျံ၊ ပျဉ်ထောင်၊ သွပ်မိုး | ၁၀ | ၂၀ % |
| မပြေလည် | ဝါး၊ ဓနိအိမ်၊ လက်လုပ်လက်စား | ၄၁ | ၇၉ % |
| စုစုပေါင်း | | ၅၂ | ၁၀၀ % |


**သုံးသပ်ချက်**

မြေပွေးကုန်းကျေးရွာတွင် ပြေလည်၊ အလယ်အလတ်၊ မပြေလည်ဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိသည်ဟု ရွာသူရွာသားများက သတ်မှတ်ကြသည်။ ပြေလည်သောအဆင့်မှာ အိမ်ထောင်စု(၁) စုသာ ရှိပြီး ပိုင်ဆိုင်မှုအနေနဲ့ ပျဉ်ထောင်အိမ်၊ လယ်ဧက(၂၅)ဧက အထက်၊ ဆန်စက်၊ ထွန်စက် စသည်တို့ရှိပြီး ရာခိုင်နှုန်းအားဖြင့်(၁)%သာ ရှိပါသည်။

အလယ်အလတ်အဆင့်တွင် (၁၀) အိမ်ထောင်စုနှင့် ရာခိုင်နှုန်းအနေဖြင့် (၂၀)% ရှိသည်။ ပိုင်ဆိုင်မှုများမှာ ပျဉ်ထောင်အိမ်၊ လယ်ဧက(၁၀)ဧကအထက် နွားပျံစက် စသည်တို့ရှိကြသည်။ မပြေလည်သော အဆင့်မှာ အိမ်ထောင်စု(၄၁)စု၊ (၇၉)% ရှိကြပြီး ဝါး၊ ဓနိမိုးအိမ်၊ လက်လုပ်လက်စားအများစုသာ ဖြစ်သည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ပညာအရည်အချင်းနည်းပါးရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

၃။ ရာသီစွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** မြွေပွေးကုန်းကျေးရွာသည် စပါးကိုသာ အဓိကထား စိုက်ပျိုးသော ကျေးရွာဖြစ်သည်။ စပါးကို ဂါဆိုလတွင်အပြီးစိုက်ပျိုးပြီး ၊ တန်ဆောင်မုန်းလတွင် ရိတ်သိမ်းသည်။ ကွမ်းကို များသောအားဖြင့် ကဆုန်လတွင်စိုက်ပျိုးပြီး ပုံမှန်(၄၅) အကြာတွင် ခူးကြသည်။ ဘူး၊ သခွား၊ ခရမ်း၊ မှို စသည်တို့ကိုလည်း တစ်နိုင်တစ်ပိုင် တော်သလင်းလတွင် စိုက်ပြီး တန်ဆောင်မုန်းလတွင် ခူးလေ့ရှိသည်။

**မွေးမြူရေး** ဆိတ်၊ ဘဲ၊ ဂက်၊ ကြက် စသည်တို့ကို တစ်နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် မွေးမြူသည်။

**အပ်ချုပ်စက်လုပ်ငန်း** (၁)နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် အပ်ချုပ်လုပ်ငန်း လုပ်ကိုင်ကြသည်။

**ပွဲတော်လများ** တန်ခူးလတွင် ကျေးရွာ ဟိန္ဒူပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်တို့ရှိပါသည်။

**ကျန်းမာရေး** ရွာသူရွာသားများအနေဖြင့် များသောအားဖြင့် ရာသီကူးပြောင်းချိန် ဂါဆိုလတွင် များသောအားဖြင့် ဖျားနာမှုများ ကြုံရလေ့ရှိပါသည်။

**ဝင်ငွေ** ဝင်ငွေအသင့်အတင့်ရှိသော်လည်း နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဂင်ငွေမှာ နည်းပါးပါသည်။

## ၄။ ဗင်းပုံစံသုံးသပ်ချက်။




### သုံးသပ်ချက်

မြွေပွေးကုန်းကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သာ ရှိပြီး ကျေးရွာ၏ ကဏ္ဍအသီးသီးကို ရွာသူရွာသားများနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။ သာရေးနာရေး စသည့်ကိစ္စများတွင် ရွာသူရွာသားများက ပူးပေါင်းပြီး စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြသည်။ ကျေးရွာလူထုဗဟိုပြုအဖွဲ့သည် မြို့နယ်လူထုဗဟိုပြုအဖွဲ့နှင့်ချိတ်ဆက်ကာ ကျေးရွာလူထု၏လိုအပ်ချက်များဖြစ်သော အခြေခံအဆောက်အဦးများကို ကူညီလုပ်ကိုင်ဆောင်ရွက်ပေးလျှက်ရှိသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သော မြို့နယ်ထွေအုပ်၊ စိုက်ဘဏ်၊ မြေစာရင်းအင်းဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ လူဂင်မှုဦးစီးဌာန စသည့် အဖွဲ့အစည်းများသည် ကျေးရွာပြင်ပမှ ကျေးရွာနှင့်ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

## ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဝင်ငွေ** အမျိုးသမီးများသည် များသောအားဖြင့် အိမ်မှုကိစ္စတွင် အချိန်ပေး၍ လုပ်ကိုင်နေရခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် ဝင်ငွေရရှိမှုတွင် နည်းပါးရခြင်းဖြစ်သည်။

**အိမ်မှုကိစ္စ** အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် အမျိုးသားများထက် အနည်းငယ် ပို၍ ဆောင်ရွက်ရသော်လည်း အမျိုးသားများက ပိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။

**ဆုံးဖြတ်ပိုင်ခွင့်** မြွေပွေးကုန်းကျေးရွာတွင် အရေးကြီးကိစ္စများ ဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများသည် အမျိုးသမီးထက် အရေးကြီးကိစ္စ ပို၍ဆုံးဖြတ်ချက်ချကြသည်ကို တွေ့ရှိရပါသည်။

**လူမှုရေး** လူမှုရေးဆိုင်ရာ လုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။


**ပညာရေး** အမျိုးသမီးများသည် ရှေးရိုးစွဲအစဉ်အလာများအရ အမျိုးသားများနည်းတူ ပညာရေးအခွင့်အရေး နည်းပါးနေသည်ကို တွေ့ရှိရပါသည်။


**ဘာသာရေး** အမျိုးသမီးများသည် ဘာသာရေးတွင် အမျိုးသားများထက် ပို၍ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။

**လုံခြုံမှု** အမျိုးသမီးများသည် များသောအားဖြင့် အားနွဲ့သူများဟု သတ်မှတ်ကြခြင်းကြောင့် လုံခြုံရေးအားနည်းသည်ဟု သုံးသပ်တွေ့ရှိရပါသည်။

**အဖွဲ့အစည်းများဝင်ရောက်ခွင့်** အမျိုးသားများသည် အမျိုးသမီးများထက် အဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

## ၆။ ပိုင်ဆိုင်မှု သုံးသပ်ခြင်း။





## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ချောင်း၊ နွား၊ ဆိုင်ကယ်၊ ရေကန်၊ နွားပုံ၊ လယ်၊ စက်ဘီးစသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်ကို အမျိုးသမီးများမှ ထိန်းချုပ်ထားသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ချောင်း၊ ဆိုင်ကယ်၊ နွားပုံ၊ လယ် စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်ကို အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ချောင်း၊ ရေကန်၊ စက်ဘီး စသည်တို့ဖြစ်ပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ယုံကြည်ချက်များနှင့် ဆန္ဒများကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ထုတ်ပေးလိုကြောင်း ပြောကြားခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၇.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



**စီမံကိန်းအကြောင်းရှင်းပြနေခြင်း မှတ်တမ်းဓါတ်ပုံ**

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးလှမြင့် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဖြူဖြူသွယ် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးကြည်စိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ |
| ၄ | ဒေါ်မိုးမိုး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ |
| ၅ | ဦးလှမျိုးခိုင် | ကျား | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၆ | ဒေါ်နွယ်နွယ်အေး | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၇ | ဦးတင်ကြည် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်မင်းမင်းနွယ် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးခင်မောင်ဇင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်ညွန့် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးမြင့်ဇော် | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၂ | ဦးရာမနာသား | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်အေး | မ | ကျေးရွာစေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၃) ယောက်ကျား-(၇) ယောက် +မ(၆) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးလှမြင့်		ကျေးရွာအုပ်စုဘဏ္ဍာရေးအဖွဲ့ဝင်
၂။ဒေါ်မြမြသွယ်		ကျေးရွာအုပ်စုအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်စိုးဇာလီဦး

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၇.၁၁ .၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | 09-31917965 | [illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး ရှမ်း | မြို့နယ် ကျောက်မဲ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ---- | ၂၃ | ဘာသာ (၁) -ဗုဒ္ဓ------ | ၂၈ |
| လူမျိုးစု (၂) [illegible]---- | ၂၉ | ဘာသာ (၂) [illegible]---- | ၂၉ |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၉၇ | ၁၂၂ |
| လူမျိုးစု (၁)--ဗမာ-- | ၅၀ | ၆၃ |
| လူမျိုးစု (၂)--[illegible] | ၄၇ | ၅၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၈ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | (လူသွားလမ်း) | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာအားလုံးနှင့် ၎င်းကျေးရွာအုပ်စုအကြား ခရီးနိုင်သည့်လမ်းကြောင်းရှိပါသလား? နှစ်ရာသီ / မရှိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုတည်ရှိရာသို့ သွားလာရာတွင် ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေကျင်/ လှေ/ မော်တော်ကား/ အခြား ___

မိုးရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေကျင်/ လှေ/ မော်တော်ကား/ အခြား ___

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ခုနှစ်ဖော်ပြပါ ၂၀၁၆

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုပေါ်ပြီစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား

(၁) နာရေးကူညီရေး

(၂) ___

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားမှု ရှိပါသလား

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးမိုးမြင့်

လက်မှတ် [illegible] နေ့စွဲ ၇.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၇.၁၀.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ရိုးဇာကြိုင် | |
| နေ့စွဲ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ■ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဂုဏ်ကျုံ | မြို့နယ် ကျောက်တံ ကျေးရွာအုပ်စု ဘုန်ပွင့်ရှုံ ကျေးရွာ ရေမြှုပ်ရှုံကျုံ |

**က။ အခက်အခဲအတားအဆီးများအားဖော်ထုတ်ခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဖဝတ်သာအားများအတွက်ကျောင်းဆရာရှားခက်ခဲ | ၁ | သောက်သုံးရေခက်ခဲ |
| ၂ | သောက်သုံးရေခက်ခဲ | ၂ | ပညာရေးခက်ခဲ |
| ၃ | ပညာရေးခက်ခဲ | ၃ | လမ်းဝန်းဆက်သွယ်ရေးခက်ခဲ |
| ၄ | လမ်းဝန်းဆက်သွယ်ရေးခက်ခဲ | ၄ | ကျောင်းဆရာ ရလာခက်ခဲ၊ ကျောင်းကူး ဂျုံခက်ခဲ |
| ၅ | ကျောင်းဆရာ ရလာခက်ခဲမှု ကျောင်းကူး ဂျင်ခက်ခဲ | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလုပ်ထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျန်းမာရေးအတွက်ဆေးခန်းရှိချင်။ | ၁ | ကျန်းမာရေးအတွက်ဆေးခန်းရှိချင်။ |
| ၂ | သောက်သုံးရေ လုံလောက်မှုရှိချင် | ၂ | ကျောင်းဆရာ ရလာကောင်းမွန်လာစေချင်။ |
| ၃ | ရွာတွင်းလမ်းများ သွားလာလွယ်ကူချင် | ၃ | လမ်းဝန်းဆက်သွယ်ရေး ကောင်းမွန်လာစေချင်။ |
| ၄ | ကျောင်းဆရာ ရလာကောင်းမွန်စေချင်။ | ၄ | စာသင်ကျောင်း ရှိချင်။ |
| ၅ | | ၅ | |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း | က+မ | | ၂၄၉ |
| ၂ | ကျေးရွာခန်းမဆောင် | က+မ | 8000000 | ၂၄၉ |
| ၃ | စက်ရေတွင်း | မ | 1500000 | ၂၄၉ |
| ၄ | ရွာအဝင်တံတား | က | 10000000 | ၂၄၉ |
| ၅ | သောက်ရေကန်ပြုပြင် | က+မ | 2000000 | ၂၄၉ |

...။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အစန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | ကျား + မ | |
| ၂ | စာသင်ကျောင်း | ကျား + မ | |
| ၃ | ဆေးပေးခန်း | ကျား + မ | |
| ၄ | ရေကန်း ပြန်လည်တူးဖော် | ကျား + မ | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးလှမြင့် လက်မှတ် [signature] နေ့စွဲ ၇-၁၁-၂၀၁၇

| စဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသည့် ကျေးရွာသားများ/ကျေးရွာသမီးများ (ကျေးရွာသား + ကျေးရွာသမီး) | |
|---|---|---|---|
| ၁. | ငွေကြေးရေး အသိပညာ | ကျား | |
| ၂. | စိုက်ပျိုးရေး အသိပညာ | မ | |
| ၃. | လက်မှုပညာ / စက်မှု / လက်မှု | မ | |
| ၄. | စက်ချုပ်သင်တန်း | မ | |
| ၅. | အိမ်သုံး ဆိုလာမီး | ကျား + မ | |
| ၆. | ရေနုတ်မြောင်း တူးဖော်ရန် | ကျား + မ | |

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးပြီးစာရင်းကောက်ယူနိုင်ပါသည်

**အနှစ်ချုပ်**

မှရင်းသည့်အား VPSC တွင်လာရှိရပါမည့်အခြေအနေများနှင့် ညှိနိုင်ရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည့်MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူ့ဦးစားပေးလဲ | ဖော်ထုတ်ထားသောနှစ်ခု (ဘို) ချိန်ရ | ပြန်လည်ရည်ညွှန်း ဆောက်ရုံ မလဲ |
|---|---|---|---|---|---|
| အရေးပေါ်အခြေအနေများ | ၁ | ကလေးတိုင်း ဆိုးဟာမှု ရည်ရွယ် | ☑ မ ☑ ကျား | | |
| | ၂ | ကျောင်းတက်လည်ပတ်မှု မော်ရန် | ☑ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | ရွေးချယ်ရေး ကာဒ် ပညာ | ☐ မ ☑ ကျား | | |
| | ၂ | ခိုက်ရန်ဖြစ် ရေး ကာဒ် ပညာ | ☑ မ ☐ ကျား | | |
| | ၃ | ထောက်ပံ့ ပညာ၊ ထောက် ပံ့/ လက်မှု | ☑ မ ☐ ကျား | | |
| | ၄ | ကလေးပြုစုစောင့်ရှောက် | ☑ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေး | ၁ | ဆေးပေး ခန်း | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | စောင့်ရှောက်မှု | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ ။ ဦးမြင့်ဆွေ နေအိမ်

ပြုလုပ်သည့်နေ့ရက် ။ ၇-၁၁-၂၀၁၇

ပြုလုပ်သည့်အချိန် ။ ၁၁:၀၀ နာရီ

ကျေးရွာအုပ်စုအမည် ။ ရွှေပြည့်ကုန်း ကျေးရွာ ၊ ၁၁၃ ဗွင်ချင်း ကျေးရွာအုပ်စု

မြို့နယ်အမည် ။ ကျောက်တန်းမြို့နယ်

တက်ရောက်သူဦးရေ ။ ကျား (၂၀) ၊ မ (၁၄) ၊ ပေါင်း (၃၄)

အကြောင်းအရာ ။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး

ဆွေးနွေးချက် ။ ကျေးရွာအုပ်စု ဦး/ခေါင်းဆောင် မှ အမှုဖွင့် အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်းနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ရွာသူရွာသားများအား ပြန်လည်ရှင်းလင်း တင်ပြခဲ့ပါသည်။ ဆက်လက်ပြီး စီမံကိန်း ပထမနှစ်တွင် လိုအပ်ချက်များကို လည်းပြန်လည်တင်ပြပြီး ကျေးရွာလူထုမှ အားတက်သရောပူးပေါင်းပါဝင်ပေးရန် ဆက်လက်ရှင်းပြခဲ့ပါသည်။

ဆွေးနွေးချက် ။ ဦးတင်သိန်း မှ စီမံကိန်းမိတ်ဆက်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး စီမံကိန်းစက်ဝန်းမှ အပိုင်းကြီး (၆)ပိုင်း နှင့် အဆင့် (၁၄)ဆင့် ကိုရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်ပြီး စေတနာ့ဝန်ထမ်း ရွေးချယ်မှု နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက် ။
သဘောတူညီချက်

။ စေတနာ့ဝန်ထမ်းရွေးချယ်ရာတွင် လူထုနှင့်မှ ရွေးချယ်ခဲ့သော စေတနာ့ဝန်ထမ်း နှစ်ဦးဖြစ်သော ဦးဂုဏ်ကျော်သား နှင့် ဒေါ်အေး တို့အား

ဆွေးနွေးချက် ။
သဘောတူညီချက်

။ ကျေးရွာလူထု အများရှေ့တွင် ဒုတိယနှစ်စက်ဝန်းတွင် ဆောင်ရွက်လိုသည်ရှိ မရှိ ကိုမေးမြန်းခဲ့ရာ နှစ်ဦးစလုံးမှာ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ကျေးရွာလူထု အများရှေ့၌ သဘောတူညီခဲ့ပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို သေချာစွာ ပြောပြပြီး ထပ်မံ အတည်ပြုဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးချက်။
သဘောတူညီချက်။

။ လူမှုဆန်းစစ်မှုနှင့် ပတ်သက်၍ ခေါင်းစဉ် (၆၁)ခု အား ဆွေးနွေးမှု အပေါ် ယခင်နှစ်မှ လုပ်ဆောင်ထားသော ဆန်းစစ်မှုများမှ လိုအပ်သည့် ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီး၊ ပြီးစီးသည့်အခါ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ရိုးအေးမိဦး
လူထုစည်းရုံးရေးမှူး

ရွာလယ်ကြီးကျေးရွာ

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ : ဦးမြင့်ဆော်ရဲ့နေအိမ်

ပြုလုပ်သည့်နေ့ရက် : ၇.၁၁.၂၀၁၇

ပြုလုပ်သည့်အချိန် : ၁၁:၀၀ နာရီ

ကျေးရွာအုပ်စုအမည် : ရွာလယ်ကြီး ကျေးရွာ၊ ... ကျေးရွာအုပ်စု

မြို့နယ်အမည် : ကျောက်တံခါး မြို့နယ်

တက်ရောက်သူဦးရေ : ကျား (၂၀)၊ မ (၁၄)၊ ပေါင်း (၃၄)

အကြောင်းအရာ : ကျေးရွာ ဒုတိယ အကြိမ် အစည်းအဝေး

ဆွေးနွေးချက် : တက်ရောက်လာသူများကို ... ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ... ကျေးရွာ၏ အကျိုးစီးပွား ... ကျေးရွာ ရေရှည်တည်တံ့ ... လုပ်ငန်းများ ... အချက်များ ... အကြောင်းအရာများကို ပြောကြားခဲ့ပါသည်။ ... အမျိုးသား၊ အမျိုးသမီးများအား ... ၎င်းတို့၏ အခက်အခဲများ၊ ကျေးရွာအတွက် လိုအပ်ချက်များကို မေးမြန်းခဲ့သည်။ ၎င်း အခက်အခဲများအား ဖြေရှင်းချက်တို့ ... လုပ်ငန်းများဖြင့် ... ဖြစ်ကြောင်း ကိုပြောကြားခဲ့သည်။

ဆွေးနွေးချက် / သဘောတူညီချက် : အမျိုးသား၊ အမျိုးသမီး မှ တွက်ချက်ပေါ်လာသော ... ရေးလုပ်ငန်းများအား ... ဦးစားပေး ... ခဲ့သည်။ ... (၁) ... (၂) ကျေးရွာ ... (၃) ... (၄) ... (၅) ... ဦးစားပေးလုပ်ငန်းများ

အဖြစ် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ရွေးချယ်နိုင်ခဲ့ပါသည်။ ဆက်လက်ပြီး ဝိုင်ယုပ်ရိုးများကိုလည်း ကျေးရွာလူထုမှ သဘောတူညီသည်ဟု ပြောကြားခဲ့ပါသည်။

| | |
|---|---|
| ရွေးချယ်ချက် ။ ဆုံးဖြတ်ချက် သဘောတူညီချက် | ။ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကော်မတီတွင် ပထမနှစ်မှ ရွေးချယ်ခဲ့သော ကော်မတီများအား ဒုတိယနှစ်တွင်လည်း ဆက်လက်ရှိတာဝန်ထမ်းဆောင်နိုင်ပါသလား ဟုမေးသောအခါ ဒုတိယနှစ်တွင်လည်း ကော်မတီမှ ဆက်လက်ရှိ ထမ်းဆောင်နိုင်ပါသည်ဟုပြောဆိုရှိ ကျေးရွာလူထုအား သဘောတူပါသလား ဟုမေးမြန်းသောအခါ ကျေးရွာလူထုမှလည်း သဘောတူညီကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို သေချာစွာ ပြောကြားခဲ့ပါသည်။ ကျေးရွာသူ ကျေးရွာသားများ၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။ |

မှတ်တမ်းတင်သူ
ဆော်ရိုးတာဗီဦး
ယုဇနဆိုင်းချုံးချေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- ○ PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - ▪ အလွန်ကောင်း
    - ▪ ကောင်း
    - ▪ ညံ့
- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ▪ ရှိ
    - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- ○ PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊